ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ

# လုပ်ထုံးလုပ်နည်းများ

၁၉၈၉ ခုနှစ် ၊ ဒီဇင်ဘာလ ၂၈ ရက်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
# ဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် – ၅ /၈၉**

**ရန်ကုန်မြို့ ၊ ၁၃၅၁ ခုနှစ် ၊ ပြာသိုလဆန်း ၂ ရက်**

**( ၁၉၈၉ ခုနှစ် ၊ ဒီဇင်ဘာလ ၂၈ ရက် )**

**နိဒါန်း**

ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း ( ၁ )
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ၏ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **ဥပဒေ** ဆိုသည်မှာ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေကိုဆိုသည်။

(ခ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ တိုင်းမြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးကိုဆိုသည်။

(ဂ) **ငါးမွေးမြူရေပြင်** ဆိုသည်မှာ ငါးမွေးမြူနိုင်သည့် ရေပြင်တစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **လ / န ၃၉ ရရှိပြီးသော** မြေ ဆိုသည်မှာ ငါးမွေးမြူရန် ကိစ္စအလို့ငှာ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ ကင်းလွတ်ခွင့် ရရှိပြီးဖြစ်သည့် မြေကိုဆိုသည်။

## အခန်း ( ၂ )
## အငှားဂရန် ၊ လိုင်စင်နှင့် ခွင့်ပြုမိန့် လျှောက်ထားခြင်း

၃။ ငါးမွေးမြူမြေတွင်ဖြစ်စေ၊ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်ခြင်း မရှိသည့်မြေ သို့မဟုတ် ရေပြင်တွင်ဖြစ်စေ၊ သီးသန့်ငါးလုပ်ငန်း ရေပြင်တွင်ဖြစ်စေ၊ လ/န ၃၉ ရရှိပြီးသောမြေတွင်ဖြစ်စေ ငါးမွေးမြူလိုသူသည် အငှားဂရန်ရရှိရေးအတွက် ဦးစီးဌာနသို့ပုံစံ (က) ဖြင့် လျှောက်ထားရမည်။

၄။ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သည့်မြေတွင် ငါးမွေးမြူခြင်းကိစ္စအလို့ငှာ ယင်းဌာန၏ သဘောတူညီချက် ရရှိထားသူ သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ မြေပိုင်ဆိုင်မှုရရှိထားသူသည် ဦးစီးဌာနသို့ အငှားဂရန်လျှောက်ထားရန်မလို။

၅။ အောက်ပါငါးမွေးမြူလိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ ပုံစံ (ခ) ဖြင့် လျှောက်ထားရမည် -

(က) အပိုဒ် ၃ အရ အငှားဂရန်ရရှိပြီးသူ။

(ခ) အပိုဒ် ၄ နှင့် အကျုံးဝင်သူ။

(ဂ) ဦးစီးဌာနမှအပ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သည့်မြေ သို့မဟုတ် ရေပြင်တွင် ငါးမွေးမြူခြင်းကိစ္စအလို့ငှာ သက်ဆိုင်ရာဌာန၏ သဘောတူညီချက် ရရှိပြီးသူ။

(ဃ) အပိုဒ်ခွဲ (ဂ) တွင် ဖော်ပြပါရှိသည့်မြေ သို့မဟုတ် ရေပြင်တွင် အငှားဂရန် တစ်ရပ်ရပ်ရရှိထားသူက ကိုယ်တိုင်လုပ်ကိုင်ခြင်း မဟုတ်လျှင် ယင်းပုဂ္ဂိုလ်ထံမှ သဘောတူညီချက်ရရှိပြီးသူ။

(င) ငါးမွေးမြူလိုသည့်မြေနှင့် စပ်လျဉ်း၍ လ/န ၃၉ ရရှိပြီးသော မြေဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူ။

၆။ ငါးမွေးမြူလိုသူသည် အပိုဒ် ၅ အရ လိုင်စင်လျှောက်ထားရာတွင် အောက်ပါအထောက်အထားများကိုပါ ပူးတွဲတင်ပြရမည် -

(က) ဦးစီးဌာနမှ အငှားဂရန်ရရှိပြီးသူဖြစ်ပါက အငှားဂရန်။

(ခ) ဦးစီးဌာနမှအပ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သည့်မြေတွင် အငှားဂရန် ရရှိပါက လယ်ယာမြေဖြစ်လျှင် လ/န ၃၉ ရရှိပြီးသောမြေ။

(ဂ) ဦးစီးဌာနမှအပ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သည့် ငါးမွေးမြူရေပြင်ဖြစ်လျှင် ငါးမွေးမြူရန် ယင်းဌာန၏ သဘောတူညီချက်။

(ဃ) ဦးစီးဌာနမှအပ အစိုးရဌာနတစ်ခုခုမှ အငှားဂရန် ရရှိထားသူက ကိုယ်တိုင်လုပ်ကိုင်ခြင်း မဟုတ်လျှင် ယင်းပုဂ္ဂိုလ်ထံမှ သဘောတူညီချက်။

(င) သီးသန့်ငါးလုပ်ငန်းရေပြင်တွင်ဖြစ်စေ၊ အငှားချထားသည့် ငါးလုပ်ငန်းရေပြင်တွင်ဖြစ်စေ၊ ဦးစီးဌာနမှ အငှားဂရန်ရရှိထားသူက ကိုယ်တိုင်လုပ်ကိုင်ခြင်းမဟုတ်လျှင် ယင်းပုဂ္ဂိုလ်ထံမှ သဘောတူညီချက်။

၇။ ငါးသားဖောက်စီးပွားဖြစ်လုပ်ကိုင်လိုသူ သို့မဟုတ် အလှပြငါးစီးပွားဖြစ်မွေးမြူလိုသူသည် ဦးစီးဌာနသို့ ပုံစံ (ဂ) ဖြင့် လိုင်စင်လျှောက်ထားရမည်။

၈။ ငါးအရှင်များကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းလိုသူ သို့မဟုတ် ပြည်တွင်းမှပြည်ပသို့ တင်ပို့လိုသူသည် ဦးစီးဌာနသို့ ပုံစံ (ဃ) ဖြင့် ခွင့်ပြုမိန့်လျှောက်ထားရမည်။

၉။ ငါးသားပေါက်စီးပွားဖြစ်စုဆောင်းလိုသူ သို့မဟုတ် အလှပြငါးစီးပွားဖြစ်စုဆောင်းလိုသူသည် ဦးစီးဌာနသို့ ပူးတွဲပါပုံစံ (င) ဖြင့် ခွင့်ပြုမိန့်လျှောက်ထားရမည်။

## အခန်း ( ၃ )
## အခွန် အခ ပေးဆောင်ခြင်း

၁၀။ ငါးမွေးမြူခြင်းအတွက် အငှားဂရန်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော အငှားဂရန်ကြေး၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် အခြားအခွန်အခတို့ကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၁၁။ ဝန်ကြီး၏ အတည်ပြုချက် ရရှိပြီးမှသာလျှင် ဦးစီးဌာနသည် အငှားဂရန်ကြေးနှင့် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ပြုရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်း၊ ရက်လွန်ကြေးနှင့် အခြားအခွန်အခများကို သတ်မှတ်ရမည်။

၁၃။ အောက်ဖော်ပြပါလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်လိုသူသည် ဦးစီးဌာနက သတ်မှတ်သည့် အခွန်အခများကို သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

(က) ငါးသားဖောက် စီးပွားဖြစ်လုပ်ကိုင်ခြင်း၊ ငါးသားပေါက် စီးပွားဖြစ်စုဆောင်းခြင်း။

(ခ) အလှပြငါး စီးပွားဖြစ်မွေးမြူခြင်း၊ အလှပြငါး စီးပွားဖြစ်စုဆောင်းခြင်း။

(ဂ) ငါးအရှင်များ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်း။

## အခန်း ( ၄ )

## ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာနမှူးတို့၏ လုပ်ပိုင်ခွင့်များ

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သည့် မြေ သို့မဟုတ် ရေပြင်တွင်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်း တစ်ခုခုက ဥပဒေတစ်ရပ်ရပ်အရ ပိုင်ဆိုင်မှုရရှိထားသော မြေတွင်ဖြစ်စေ လိုင်စင်လျှောက်ထားလာသည့်ကိစ္စတွင် ယင်းအစိုးရဌာနက ခွင့်ပြုသည့် မြေ သို့မဟုတ် ရေပြင်ဧရိယာ၊ ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပိုင်ဆိုင်မှုရရှိထားသော မြေဧရိယာအတိုင်းအတာထိ လိုင်စင်ထုတ်ပေးနိုင်သည်။

၁၅။ ညွှန်ကြားရေးမှူးချုပ်သည် ငါးမွေးမြူမြေတွင်ဖြစ်စေ၊ သီးသန့်ငါးလုပ်ငန်း ရေပြင်တွင်ဖြစ်စေ၊ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်ခြင်း မရှိသည့် ငါးလုပ်ငန်း ရေပြင်တွင်ဖြစ်စေ၊ လ/န ၃၉ ရရှိပြီးသည့်မြေတွင်ဖြစ်စေ ငါးမွေးမြူခြင်းအတွက် လျှောက်ထားလာလျှင် အောက်ပါအချက်များအပေါ် အခြေပြု၍ မြေ သို့မဟုတ် ရေပြင်ဧရိယာကို သတ်မှတ်ပေးနိုင်သည်။

(က) အစိုးရဌာန၊

(ခ) ဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့အစည်း၊

(ဂ) ပုဂ္ဂလိက။

၁၆။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန် လျှောက်လွှာကိုရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်မှုရှိစေရန် စီစစ်ပြီး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ဦးစီးဌာနမှူးထံ တင်ပြရမည်။

(က) လျှောက်လွှာကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားခြင်း။

(ခ) အမှန်တကယ် လုပ်ကိုင်လိုသူဖြစ်ခြင်း။

(ဂ) ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း။

(ဃ) ဦးစီးဌာနက သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရန် သဘောတူပြီးဖြစ်ခြင်း။

၁၇။ မြို့နယ်ဦးစီးဌာနမှူးသည် လိုင်စင်လျှောက်လွှာကို ရရှိသည့်အခါ အောက်ပါအချက်များကို စီစစ်ရမည်။

(က) ဦးစီးဌာနမှ အငှားဂရန်ရရှိပြီးဖြစ်ခြင်း။
(ခ) ဥပဒေတစ်ရပ်ရပ်အရ ပိုင်ဆိုင်မှုရရှိပြီးဖြစ်ခြင်း။
(ဂ) လ/န ၃၉ ရရှိပြီးဖြစ်ခြင်း။
(ဃ) အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သည့် မြေ သို့မဟုတ် ရေပြင်ဖြစ်ပါက ယင်းဌာန၏ သဘောတူညီချက် ရရှိပြီးဖြစ်ခြင်း။
(င) အငှားချထားသော ငါးလုပ်ငန်းရေပြင်တွင်ဖြစ်ပါက အငှားချထားခြင်းခံရသူကိုယ်တိုင် လုပ်ကိုင်ခြင်းမဟုတ်လျှင် ယင်းပုဂ္ဂိုလ်၏ သဘောတူညီချက် ရရှိပြီးဖြစ်ခြင်း။
(စ) သတ်မှတ်ထားသော ပုံစံ (ခ) တွင် ပြည့်စုံစွာ ဖြည့်သွင်းရေးသားပြီးဖြစ်ခြင်း။
(ဆ) ဥပဒေတစ်ရပ်ရပ်အရ အငှားဂရန်ရရှိထားသူဖြစ်ပါက အငှားဂရန်သက်တမ်းကာလ မကုန်ဆုံးသေးခြင်း။

၁၈။ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားသည့်ကိစ္စတွင် လျှောက်ထားသူအား လိုအပ်ပါက ခေါ်ယူမေးမြန်းခြင်း၊ အထောက်အထား စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုခြင်းပြုနိုင်သည်။

၁၉။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာများကိုစီစစ်ပြီး ပြည့်စုံပါက သက်ဆိုင်ရာပြည်နယ်၊ တိုင်း ဦးစီးဌာနမှူးထံ အမြန်ဆုံးပေးပို့ရမည်။

၂၀။ ပြည်နယ် သို့မဟုတ် တိုင်း ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးက တင်ပြလာသော အငှားဂရန်လျှောက်လွှာနှင့် လိုင်စင်လျှောက်လွှာများကို စီစစ်၍ ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံးဆက်လက်တင်ပြရမည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်း ဦးစီးဌာနမှူးကတင်ပြလာသောအငှားဂရန်လျှောက်လွှာနှင့် လိုင်စင်လျှောက်လွှာများကိုစီစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်းအတွက် လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ဦးစီးဌာနမှူး၏ စစ်ဆေးတွေ့ရှိချက်အပေါ် အခြေပြု၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၃။ ညွှန်ကြားရေးမှူးချုပ်သည် ပြည်တွင်းမှ ပြည်ပသို့ တင်ပို့မည့်ငါးအရှင်များအ

ပုံစံ " ခ "

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

## ငါးမွေးမြူခြင်းလိုင်စင်လျှောက်လွှာ

ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ငါးမွေးမြူခြင်းလိုင်စင် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ (က) **လျှောက်ထားသူ၏အမည်၊**
**သို့မဟုတ် အဖွဲ့အစည်းအမည်၊**
(ခ) **အမျိုးသားမှတ်ပုံတင်အမှတ်၊**
(ဂ) **အဘအမည်၊**
(ဃ) **နေရပ်လိပ်စာ၊**
(င) **အဖွဲ့အစည်း၏လိပ်စာ၊**
(စ) **အဖွဲ့အစည်းတွင်ထမ်းဆောင်သည့်တာဝန်။**

၂။ **မွေးမြူမည့်မြေ သို့မဟုတ် ရေပြင်အမျိုးအစား**
(က) ငါးမွေးမြူမြေ၊
(ခ) လ / န ၃၉ ရရှိပြီးသောမြေ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ သက်သေခံ အထောက်အထား မြေပုံ ၂ ပုံ ပူးတွဲတင်ပြရန်၊
(ဂ) အစိုးရဌာနနှင့်သက်ဆိုင်သောမြေ၊ ရေပြင်၊
(ဃ) ငါးမွေးမြူမြေရေပြင်၊
(င) အငှားဂရန်ချထားသည့်ငါးလုပ်ငန်းရေပြင်။

၃။ **မွေးမြူလိုသည့်နေရာဒေသနှင့်အကျယ်အဝန်း**
**( မြေပုံကိုပူးတွဲတင်ပြရန် )**

၄။ **ယခင်ကငါးမွေးမြူခြင်းလုပ်ငန်းကိုလုပ်ကိုင်ဘူးခြင်းရှိ မရှိ ( ရှိလျှင် အကျဉ်း ချုပ်ဖော်ပြရန် )**

၅။ **မိသားစုဦးရေ**

| စဉ် | အမည် | တော်စပ်ပုံ | အသက် | အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၆။ လျှောက်ထားသည့် အငှားဂရန် သက်တမ်း။

၇။ ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များအတိုင်း ငါးမွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

နေ့စွဲ ၊ **လျှောက်ထားသူလက်မှတ်**

**မှတ်ချက်** ။ ။ လျှောက်ထားသူသည် အဖွဲ့အစည်းဖြစ်ပါက လျှောက်လွှာပါအချက်အလက်များကို လိုအပ်သလို ပြင်ဆင်ဖြည့်သွင်းရန်ဖြစ်ပြီး မလိုအပ်သည်များကို ခြစ်ပစ်ရန်ဖြစ်သည်။

စေရမည်။ ရှာဖွေပုံစံ မိတ္တူတစ်စောင်ကို ပြစ်မှုကျူးလွန်သူအား ပေးအပ်ရမည်။

၂၉။ စစ်ဆေးရေးမှူးသည် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူများအား အရေးယူတရားစွဲဆိုခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံး အစီရင်ခံတင်ပြရမည်။

၃၀။ ဦးစီးဌာနမှူးသည် သိမ်းဆည်းရရှိသော သက်သေခံပစ္စည်းများကို မိမိ၏စီမံခန့်ခွဲမှုအောက်တွင် လုံခြုံစွာထားရှိပြီး လုံခြုံမှုအတွက် ပြည်သူ့ရဲတပ်ဖွဲ့သို့ အကူအညီ တောင်းခံနိုင်သည်။

၃၁။ တရားရုံးသို့ စွဲဆိုတင်ပို့ထားသည့်အမှုနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ငါးမွေးကန်နှင့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်းပြုသည့် အမိန့်ချမှတ်ခဲ့လျှင် ယင်းသို့ဆောင်ရွက်ထားကြောင်းကို စစ်ဆေးရေးမှူးက တရားရုံးသို့စာဖြင့် အစီရင်ခံတင်ပြရမည်။

၃၂။ တရားရုံးသို့ စွဲဆိုတင်ပို့သည့် အမှုတွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့် အမိန့်အတိုင်း ဦးစီးဌာနက လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၇ )
## အငှားဂရန် သို့မဟုတ် လိုင်စင်လဲလှယ်ခြင်း

၃၃။ လိုင်စင်ရရှိသူသည် ငါးမွေးမြူခြင်းကို ဆက်လက်လုပ်ကိုင်လိုလျှင် အငှားဂရန်သက်တမ်း မကုန်ဆုံးသေးပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ လိုင်စင်လဲလှယ်ရန် လျှောက်ထားရမည်။ လိုင်စင်သက်တမ်း ကုန်ဆုံးပြီး ရက်ပေါင်း ၃၀ အတွင်း လိုင်စင်လဲလှယ်ရန် လျှောက်ထားခြင်းဖြစ်ပါက ရက်လွန်ကြေး ပေးဆောင်ရန်မလို။ လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၃၀ မှ ရက်ပေါင်း ၆၀ အတွင်း လိုင်စင်လဲလှယ်ရန် လျှောက်ထားခြင်းဖြစ်ပါက ဦးစီးဌာနက သတ်မှတ်သည့် ရက်လွန်ကြေးကိုပါ ပေးဆောင်ရမည်။ လိုင်စင်သက်တမ်းကုန်ဆုံးပြီး ရက်ပေါင်း ၆၀ အတွင်း လိုင်စင်လဲလှယ်ရန် လျှောက်ထားခြင်းမရှိဘဲ ဆက်လက်၍ ငါးမွေးမြူနေကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေပုဒ်မ ၃၁ အရ အရေးယူခြင်း ခံရမည်။

၃၄။ အငှားဂရန် ရရှိထားသူသည် ဂရန်သက်တမ်း ကုန်ဆုံးသည့်အခါ သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် ဦးစီးဌာနသို့ ပုံစံ (စ) ဖြင့် လျှောက်ထားနိုင်သည်။

၃၅။ အငှားဂရန်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာသည့် ကိစ္စကို ညွှန်

ကြားရေးမှူးချုပ်က စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
၃၆။ အငှားဂရန်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသွားသည့်အတွက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာလျှင် ညွှန်ကြားရေးမှူးချုပ်က စိစစ်၍ သတ်မှတ်သည့် ဒဏ်ကြေးပေးသွင်းစေပြီးနောက် အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးနိုင်သည်။

## အခန်း ( ၈ )
## အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း

၃၇။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၁၉ အရ အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်လျှင် မည့်သည့်အကြောင်းကြောင့် မည့်သည့်နေ့ရက်မှစ၍ အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းပြုလိုက်ကြောင်းကို သက်ဆိုင်သူထံသို့ စာဖြင့် အကြောင်းကြားရမည်။ ယင်းစာကို စာတိုက်မှတစ်ဆင့် မှတ်ပုံတင်၍ ပေးပို့ရမည်။
၃၈။ ညွှန်ကြားရေးမှူးချုပ်က အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အမိန့်စာလက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်း ရပ်စဲရမည်။
၃၉။ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း ပြုသည့်အမိန့်စာ လက်ခံရရှိပြီး ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေပုဒ်မ ၃၁ အရ အရေးယူခြင်းခံရမည်။

## အခန်း ( ၉ )
## အ ထွေ ထွေ

၄၀။ ဦးစီးဌာနက စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ လိုင်စင်ရရှိသူက တင်ပြလာလျှင်ဖြစ်စေ ငါးရောဂါဖြစ်ပွားနေကြောင်း သို့မဟုတ် ရေညစ်ညမ်းမှုအန္တရာယ် ကျရောက်နေကြောင်း ပေါ်ပေါက်လျှင် ယင်းနေရာဒေသရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို သင့်လျော်သည့် အချိန်ကာလအထိ ညွှန်ကြားရေးမှူးချုပ်က ဆိုင်းငံ့ခြင်း၊ ရပ်ဆိုင်းခြင်းပြုသည့် အမိန့်ချမှတ်နိုင်သည်။
၄၁။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေအရဖြစ်စေ၊ လုပ်ထုံးလုပ်နည်းအရဖြစ်စေ

မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှူးအားလည်းကောင်း၊ ဦးစီးဌာနရှိ အရာရှိတစ်ဦးဦးအားလည်းကောင်း လွှဲအပ်နိုင်သည်။

၄၂။ အငှားဂရန် ရရှိသူ သို့မဟုတ် လိုင်စင် ရရှိသူသည် ယင်း အငှားဂရန် သို့မဟုတ် လိုင်စင်သက်တမ်း မကုန်ဆုံးသေးမီ ကွယ်လွန်သွားပါက ယင်းပုဂ္ဂိုလ်၏ အမွေဆက်ခံခွင့်ရှိသူသည် ဆက်လက်၍ ငါးမွေးမြူလိုလျှင် ဦးစီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း အမည်ပြောင်းပေးရန် လျှောက်ထားရမည်။ အကယ်၍ ရက်ပေါင်း ၃၀ အတွင်း အမည်ပြောင်းပေးရန် လျှောက်ထားခြင်းမရှိဘဲ ဆက်လက်၍ ငါးမွေး မြူနေပါက ဥပဒေပုဒ်မ ၃၁ အရ အရေးယူခြင်းခံရမည်။

၄၃။ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။

ဗိုလ်ချုပ်ချစ်ဆွေ
ဝန်ကြီး ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

စာအမှတ် ၊ ၂ / ၁၆၀ (က) / (၈၇၈ / ၈၉-၉၀)
ရက်စွဲ ၊ ၁၉၈၉ ခုနှစ် ၊ ဒီဇင်ဘာလ ၊ ၂၈ ရက်။

**မိတ္တူကို –**

၁ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး၊
၂ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၊
၃ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရုံး၊
၄ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားရုံးချုပ်၊
၅ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရှေ့နေချုပ်ရုံး၊
၆ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ရုံး၊

၇ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ၊ ဝန်ကြီးဌာနအားလုံး၊
၈ ။ ပြည်နယ် / တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးအားလုံး၊
၉ ။ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးအားလုံး၊
၁၀ ။ ဤဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန / လုပ်ငန်းများအားလုံး၊
( ငါးလုပ်ငန်းဦးစီးဌာနမှအပ )
၁၁ ။ ငါးလုပ်ငန်းဦးစီးဌာန၊
၁၂ ။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့
( ပြည်ထောင်စု မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း ကြော်ငြာပေးပါ
ရန်နှင့် ပုံနှိပ်ပြီး အပိုမိတ္တူ (၁၀၀) ကို ပေးပို့ပါရန် )။

အမိန့်အရ

( စိုးဝင်း )
ရုံးအဖွဲ့မှူး
မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန။

ပုံစံ " က "

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

## ငါးမွေးမြူမြေ၊ ငါးမွေးမြူရေပြင်တွင် အငှားဂရန်လျှောက်လွှာ

ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အငှားဂရန်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ (က) **လျှောက်ထားသူ၏အမည်၊**
**သို့မဟုတ် အဖွဲ့အစည်းအမည်၊**
(ခ) **အမျိုးသားမှတ်ပုံတင်အမှတ်၊**
(ဂ) **အဘအမည်၊**
(ဃ) **နေရပ်လိပ်စာ၊**
(င) **အဖွဲ့အစည်းလိပ်စာ၊**
(စ) **အဖွဲ့အစည်းတွင်ထမ်းဆောင်သည့်တာဝန်။**

၂။ **မွေးမြူမည့်မြေ သို့မဟုတ် ရေပြင်အမျိုးအစား**
(က) ငါးမွေးမြူမြေ၊
(ခ) လ / န ၃၉ ရရှိပြီးသောမြေ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ သက်သေခံ အထောက်အထား မြေပုံ နှစ်ပုံ ပူးတွဲတင်ပြရန်၊
(ဂ) အစိုးရဌာနနှင့်သက်ဆိုင်သောမြေ၊ ရေပြင်၊
(ဃ) ငါးမွေးမြူရေပြင်၊
(င) အငှားဂရန်ချထားသည့်ငါးလုပ်ငန်းရေပြင်။

၃။ **ငါးမွေးမြူလိုသည့်မြေ၊ ငါးမွေးမြူရေပြင်နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊**

| ငါးမွေးမြူလိုသည့်မြေ ၊ ရေပြင် | | | | |
|---|---|---|---|---|
| နေရာဒေသ | အကျယ်အဝန်း | နည်းစနစ် | ငါးအမျိုးအစား | မှတ်ချက် |
| | | | | |

၄။ **မိသားစုဦးရေ**

| အမည် | တော်စပ်ပုံ | အသက် | အလုပ်အကိုင် | မှတ်ချက် |
| --- | --- | --- | --- | --- |
| | | | | |

၅။ **လျှောက်ထားသည့်အငှားဂရန်သက်တမ်း၊**

၆။ ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ပေးသောစည်းကမ်းချက်များအတိုင်း ငါးမွေးမြူခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

နေ့စွဲ ၊ **လျှောက်ထားသူလက်မှတ်**

**မှတ်ချက်** ။ ။ လျှောက်ထားသူသည် အဖွဲ့အစည်းဖြစ်ပါက လျှောက်လွှာပါအချက်အလက်များကိုလိုအပ်သလို ပြင်ဆင်ဖြည့်သွင်းရန်ဖြစ်ပြီး မလိုအပ်သည်များကို ခြစ်ပစ်ရန်ဖြစ်သည်။

တွက် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် ရောဂါကင်းရှင်းကြောင်း ထောက်ခံစာကိုပါ ထုတ်ပေးရမည်။

၂၄။ ဦးစီးဌာနမှူးသည် ကျသင့်သည့်အငှားဂရန်ကြေး၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် အခြားအခွန်အခများကို သတ်မှတ်သည့်ဘဏ်တွင် ဦးစီးဌာန၏ ငွေစာရင်းသို့ ပေးသွင်းစေရန် ငါးမွေးမြူသူအား ညွှန်ကြားရမည်။

၂၅။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၃၈ အရ ငါးမွေးမြူသူက လျှောက်ထားလာသည့်ကိစ္စတွင် စိစစ်၍ အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိသည်။

(က) ဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) နှင့် ညီညွတ်လျှင် အငှားဂရန်၊ လိုင်စင်ထုတ်ပေးခြင်း။

(ခ) လ/န ၃၉ လျှောက်ထားဆဲဖြစ်ပါက တစ်နှစ်လုပ်ကိုင်ခွင့်အတွက် ယာယီလိုင်စင်ထုတ်ပေးခြင်း။

(ဂ) ငါးမွေးမြူသူကို ထိုက်သင့်သောဒဏ်ကြေး ပေးသွင်းစေ၍ လ/န ၃၉ လျှောက်ထားရန် ညွှန်ကြားခြင်း။

(ဃ) ငါးမွေးမြူခြင်းလုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း။

(င) အထက်ဖော်ပြပါ အပိုဒ်ခွဲများနှင့် စပ်လျဉ်း၍ လိုအပ်သလိုညွှန်ကြားခြင်း။

## အခန်း ( ၅ )
## စစ်ဆေးရေးမှူး၏ လုပ်ပိုင်ခွင့်များ

၂၆။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်။

(က) ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်းပြုသော ငါးများသည် ဦးစီးဌာနက ခွင့်ပြုသော ငါးအမျိုးအစား၊ အရေအတွက်၊ အရွယ်အစား ဟုတ်မဟုတ် စစ်ဆေးခြင်း။

(ခ) အပိုဒ်ခွဲ (က) အရ စစ်ဆေးရာတွင် ဦးစီးဌာန၏ ခွင့်ပြုချက်နှင့် ညီညွတ်ခြင်းမရှိလျှင် တင်သွင်းခြင်း၊ တင်ပို့ခြင်းမပြုရန်တားမြစ်ခြင်း၊ ငါးများကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း။

(ဂ) ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် ငါးအရှင်နှင့် စပ်လျဉ်း၍ ရောဂါကင်းရှင်းကြောင်း လက်မှတ်ပါရှိခြင်း ရှိမရှိစစ်ဆေးခြင်း။

(ဃ) ပြည်တွင်းမှ ပြည်ပသို့ တင်ပို့မည့်ငါးအရှင်များသည် ရောဂါကင်းရှင်း

ကြောင်း စစ်ဆေးတွေ့ရှိရပါက ရောဂါကင်းရှင်းကြောင်း ထောက်ခံစာ ထုတ်ပေးနိုင်ရန် တင်ပြခြင်း။

(င) အလှပြငါးစီးပွားဖြစ်မွေးမြူခြင်း၊ ငါးသားဖောက် စီးပွားဖြစ်စုဆောင်းခြင်းလိုင်စင် လျှောက်ထားသည့်ကိစ္စတွင် ငါးများကို သန့်ရှင်းကောင်းမွန်စွာ မွေးမြူထားရှိနိုင်သော အခြေအနေများ ရှိမရှိစစ်ဆေးခြင်း။

(စ) အပိုဒ်ခွဲ (က) နှင့် (ခ) အရ ဆောင်ရွက်ပြီးပါက အပိုဒ်ခွဲ (ဂ) နှင့် (ဃ) ပါ အထောက်အထားများနှင့်အတူ အစီရင်ခံစာကို ညွှန်ကြားရေးမှူးချုပ်ထံသို့ အမြန်ဆုံးတင်ပြခြင်း။

၂၇။ စစ်ဆေးရေးမှူးသည် မိမိတာဝန်ခံသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ငါးမွေးမြူခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည်။

(က) ငါးမွေးမြူရေပြင် သို့မဟုတ် ငါးမွေးကန်များသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ပေးသည့် စည်းကမ်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိမရှိ စစ်ဆေးခြင်း။

(ခ) အပိုဒ်ခွဲ (က) အရ စစ်ဆေးရာတွင် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် ဦးစီးဌာနက သတ်မှတ်ပေးသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ငါးမွေးမြူခြင်းဆိုင်ရာ ပစ္စည်းကိရိယာများ၊ ငါးဖမ်းကိရိယာများ၊ ငါးများကိုသိမ်းဆည်းခြင်း၊ ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုခြင်း၊ ငါးမွေးကန်ကို သိမ်းဆည်းရန် လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်ထံတင်ပြ၍ ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်း။

(ဂ) ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ငါးများကို ထုခွဲရောင်းချပြီး ရောင်းရငွေကို ဘဏ္ဍာသို့ ပေးသွင်းခြင်း။

## အခန်း ( ၆ )
## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၂၈။ စစ်ဆေးရေးမှူးသည် သက်သေခံပစ္စည်းများကို သိမ်းဆည်းရာ၌ သက်သေလူကြီးနှစ်ဦး ရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမည်။ ထိုသို့ သိမ်းဆည်းရာ၌ ရှာဖွေပုံစံပေါ်တွင် ပြစ်မှုကျူးလွန်သူနှင့် သက်သေနှစ်ဦးအားလက်မှတ်ရေးထိုး

ပုံစံ " ဂ "

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

## ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှပြငါးစီးပွားဖြစ် မွေးမြူခွင့်လိုင်စင် လျှောက်လွှာ

ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှပြငါးစီးပွားဖြစ် မွေးမြူလုပ်ကိုင်လိုပါသဖြင့် လိုင်စင်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ (က) လျှောက်ထားသူ၏အမည်၊
သို့မဟုတ် အဖွဲ့အစည်းအမည်၊
(ခ) အမျိုးသားမှတ်ပုံတင်အမှတ်၊
(ဂ) အဖအမည်၊
(ဃ) နေရပ်လိပ်စာ၊
(င) အဖွဲ့အစည်း၏လိပ်စာ၊
(စ) လုပ်ကိုင်လိုသည့်နေရာ၊
(ဆ) လုပ်ငန်းပမာဏ၊

၂။ ယခင် ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှပြငါးစီးပွားဖြစ်မွေးမြူခြင်း လုပ်ငန်းကို လုပ်ကိုင်ဘူးခြင်းရှိ မရှိ ( ရှိလျှင်အကျဉ်းချုပ်ဖော်ပြရန် )

၃။ ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များအတိုင်း ငါးသားဖေါက် စီးပွားဖြစ်လုပ်ငန်း၊ အလှပြငါး စီးပွားဖြစ်မွေးမြူခြင်းလုပ်ကိုင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

နေ့စွဲ ၊ လျှောက်ထားသူ့လက်မှတ်

**မှတ်ချက်** ။ ။ လျှောက်ထားသူသည်အဖွဲ့အစည်းဖြစ်ပါကလျှောက်လွှာပါ အချက်အလက်များကိုလိုအပ်သလိုပြင်ဆင်ဖြည့်သွင်းရန်ဖြစ်ပြီး မလိုအပ်သည်များကို ခြစ်ပစ်ရန်ဖြစ်သည်။

ပုံစံ " ဃ "

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

## ငါးအရှင်များ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်းအတွက် ခွင့်ပြုမိန့်လျှောက်လွှာ

ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးအရှင်များကိုတင်သွင်း၊ တင်ပို့လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ (က) **လျှောက်ထားသူ၏အမည်၊**
**သို့မဟုတ် အဖွဲ့အစည်းအမည်၊**
(ခ) **အမျိုးသားမှတ်ပုံတင်အမှတ်၊**
(ဂ) **အဘအမည်၊**
(ဃ) **ကုမ္ပဏီအမည်၊**
(င) **ထုတ်ကုန် ၊ သွင်းကုန်လိုင်စင်အမှတ်၊**
(စ) **နေရပ်လိပ်စာ၊**
(ဆ) **အဖွဲ့အစည်း၏ နေရပ်လိပ်စာ။**

၂။ (က) **တင်သွင်း၊ တင်ပို့လိုသည့်ငါးအမျိုးအစား၊**
(ခ) **အရေအတွက်၊**
(ဂ) **အရွယ်အစား၊**

၃။ (က) **တင်သွင်း၊ တင်ပို့လိုသည့်ဒေသ၊**
(ခ) **တင်သွင်း၊ တင်ပို့မည့်နည်းလမ်း၊**
(ဂ) **တင်သွင်း၊ တင်ပို့မည့်နေ့ရက် ခန့်မှန်းခြေ။**

၄။ ကျွန်တော်၊ ကျွန်မသို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ ပါပြဋ္ဌာန်းချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှသတ်မှတ်သည့် စည်းကမ်းချက်များ နှင့်အညီငါးအရှင်များကိုတင်သွင်း တင်ပို့မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

နေ့စွဲ ၊ **လျှောက်ထားသူလက်မှတ်**

**မှတ်ချက်** ။ ။ လျှောက်ထားသူသည် အဖွဲ့အစည်းဖြစ်ပါက လျှောက်လွှာပါအချက် အလက်များကို လိုအပ်သလို ပြင်ဆင်ဖြည့်သွင်းရန်ဖြစ်ပြီး မလိုအပ်သည်များကို ခြစ်ပစ်ရန်ဖြစ်သည်။

ပုံစံ " င "

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

## ငါးသားပေါက် စီးပွားဖြစ်စုဆောင်းခြင်း၊ အလှပြငါး စီးပွားဖြစ်စုဆောင်းရန် ခွင့်ပြုမိန့်လျှောက်လွှာ

ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးသားပေါက်စီးပွားဖြစ်စုဆောင်းခြင်း၊ အလှပြငါး စီးပွားဖြစ်စုဆောင်းသည့်လုပ်ငန်းကို လုပ်ကိုင်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ (က) **လျှောက်ထားသူ၏အမည်၊**
**သို့မဟုတ် အဖွဲ့အစည်းအမည်၊**
(ခ) **အမျိုးသားမှတ်ပုံတင်အမှတ်၊**
(ဂ) **အဖအမည်၊**
(ဃ) **နေရပ်လိပ်စာ၊**
(င) **အဖွဲ့အစည်း၏နေရပ်လိပ်စာ၊**

၂။ **လုပ်ကိုင်မည့် အစီအစဉ်**
(က) **နေရာဒေသ၊**
(ခ) **ငါးအမျိုးအစားနှင့် အရေအတွက်၊**
(ဂ) **ကာလ။**

၃။ **ယခင်က ယင်းလုပ်ငန်းကို လုပ်ကိုင်ဘူးခြင်းရှိမရှိ ( ရှိလျှင် အကျဉ်းချုပ်ဖော်ပြရန် )**

၄။ ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

**လျှောက်ထားသူလက်မှတ်**

နေ့စွဲ ၊

**မှတ်ချက်** ။ ။ လျှောက်ထားသူသည်အဖွဲ့အစည်းဖြစ်ပါကလျှောက်လွှာပါအချက်အလက်များကို လိုအပ်သလို ပြင်ဆင်ဖြည့်သွင်းရန်ဖြစ်ပြီး မလိုအပ်သည်များကို ခြစ်ပယ်ရန်ဖြစ်သည်။

ပုံစံ " ခ "

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

## အငှားဂရန်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားသည့်လျှောက်လွှာ

သို့

ညွှန်ကြားရေးမှူးချုပ်
ငါးလုပ်ငန်းဦးစီးဌာန
ရန်ကုန်မြို့။

ကျွန်တော်၊ ကျွန်မ သို့မဟုတ် အဖွဲ့အစည်းသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာ၍ ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါသဖြင့် လက်ရှိအငှားဂရန်သက်တမ်းကို ( ) နှစ် တိုးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လိုအပ်သော အချက်အလက်များကို အောက်တွင်ဖော်ပြအပ်ပါသည်။

၁။ **အငှားဂရန် ရရှိထားသူ၏အမည်**
**သို့မဟုတ် အဖွဲ့အစည်း၏အမည်၊**

၂။ **အမျိုးသားမှတ်ပုံတင်အမှတ်၊**

၃။ **အဘအမည်**

၄။ **နေရပ်လိပ်စာ**

၅။ **အဖွဲ့အစည်း၏ နေရပ်လိပ်စာ၊**

၆။ **အငှားဂရန်အမှတ်စဉ်နှင့် ရက်စွဲ၊**

၇။ **အငှားဂရန်သက်တမ်း ကုန်ဆုံးမည့်ရက်၊**

၈။ **အငှားဂရန် ရရှိသည့်နေရာဒေသ၊**
**အကျယ်အဝန်းနှင့် မြေ သို့မဟုတ် ရေပြင်၊**
**အမျိုးအစား။**

နေ့စွဲ။ **လျှောက်ထားသူလက်မှတ်**

**မှတ်ချက်** ။ ။ လျှောက်ထားသူသည် အဖွဲ့အစည်းဖြစ်ပါက လျှောက်လွှာပါအချက်အလက်များကို လိုအပ်သလို ပြင်ဆင်ဖြည့်သွင်းရန်ဖြစ်ပြီး မလိုအပ်သည်များကို ခြစ်ပစ်ရန်ဖြစ်သည်။